မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော**အတန်းပညာတက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့် သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာ တွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦး တစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **'အလယ်တန်းအဆင့်ရှိသူဦးရေ'** တွင် ထည့်သွင်းရပါ မည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာ သင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ - ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **'မူလတန်းအဆင့်ရှိသူဦးရေ'** တွင်သာ ထည့်သွင်း ရပါမည်။ **'ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)'**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်း သူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝ မတတ်ပါက **'စာမတတ်သူဦးရေ'** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး ယခုနှစ်မှမှသာလျှင် မူလွန်ကျောင်းရရှိခဲ့ပြီး (၇)တန်းအထိစာသင်ကြားခွင့် ရရှိခဲ့ပါသည်။အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်မှာ အထက်တန်းနှင့် ကောလိပ်အဆင့်ရှိသူကျောင်းသူ/သားများကိုများကို ခုနှစ်အိမ်တန်းနှင့် မအူပင်သို့ သွားရောက်ပြီး ပညာသင်ယူနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် စာမတက်သူဦးရေ နည်းပါးပြီး သင့်တင့်သောပညာရေးနှင့် အထက်တန်း ပညာ တက်မြောက်သူများ ရှိသော်လည်း အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုကြောင့် အလုပ် လက်မဲ့ များရှိပါသည်။ အလုပ်အကိုင် အခွင့် အလမ်း နည်းပါးခြင်းကြောင့် ပညာရေးကို ဦးစားမပေးကြပဲ စီးပွားရေးကိုသာ အဓိကထား လုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများ လာပါက ပညာရေးကို အဓိကထားရန် ပိုမို၍ စိတ်ဝင်စားလာမည်ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်အကိုင်များ ပေါများလာစေရန် ဆောင်ရွက် ပေးသင့်ပါကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဆ-၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၄၃	၄၆	၈၉
အလယ်တန်း	၂၄	၁၇	၃၁
အထက်တန်း	၃	၂	၅
တက္ကသိုလ်/ကောလိပ်	၁	၁	၂

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **'ဘုန်းကြီးကျောင်းသင်ပညာရေး'** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ လက်ရှိကျောင်းတက်နေသော စာရင်းအရ မူလတန်း ပညာရေးတွင် (၈၉)ယောက်၊ အလယ်တန်းပညာရေးသင်ကြားနေသူအဆင့်တွင် (၃၁)ဦး၊အထက်တန်း ပညာသင်ကြားသူ(၅)ဦးနှင့် တက္ကသိုလ်ကျောင်းသား/သူ(၂)ဦးရှိပြီး စုစုပေါင်း ကျောင်းသား (၆၁)၊ကျောင်းသူ(၆၆)ယောက်ရှိပြီး စုစုပေါင်း(၂၁၇)ဦးရှိပါသည်။ မူလတန်းကျောင်းသား အရွယ် (၁၀၂)ဦးသာဖြစ်သော်လည်း အချို့ကလေးများမှာ အသက်ကြီးမှ ကျောင်းနေရခြင်းကြောင့် မူလတန်း အဆင့် ကျောင်းသားဦးရေ ပိုမိုနေရခြင်းဖြစ်ပါသည်။

(ဆ-၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း☐ မူလွန်☐✔ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐			မူလတန်း☐ မူလွန်☐✔အလယ်တန်း(ခွဲ) အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐			မူလတန်း☐ မူလွန်☐✔ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐		
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ☐✔ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐✔ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐✔ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်☐✔ စက်ဘီး☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင်☐✔ စက်ဘီး☐ ဆိုင်ကယ်☐ ကား ☐			ခြေလျင်☐✔ စက်ဘီး☐ ဆိုင်ကယ်☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*									
င။အမိုး၊နံရံ၊အခင်း အရည်အသွေး	ကောင်း☐သင့်☐✔ညံ့☐			ကောင်း☐သင့်☐✔ညံ့☐			ကောင်း☐သင့်☐✔ညံ့☐		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ☐✔			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ☐✔			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ☐✔		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း☐သင့် ☐✔ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့်☐✔ ညံ့ ☐ မရှိ ☐			ကောင်း☐ သင့် ☐✔ ညံ့ ☐ မရှိ ☐		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် ✔ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ✔ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ✔ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၁	၄	၅	၁	၄	၅	၁	၄	၅

အကြောင်းအရာ	(၁)			(၂)			(၃)		
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြိမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ မူလတန်းကျောင်းသည် ကညင်ဝကျေးရွာတွင် တည်ရှိပြီး ကျောင်းသားများသည် စက်လှေဖြင့်လည်းကောင်း၊ လက်လှော်လှေဖြင့်လည်းကောင်း သွားကြပါသည်။ စာသင်ကျောင်းမှာ စတုရန်းပေ ၆၀၀နှ့်ရှိပြီး အလျား၂၀— အနံ ၁၀—ခန့် ရှိပါသည်။ သွတ်မိုး၊အုတ်နံရံကာ နှစ်ကြာ၍အမိုးနှင့်အခင်းများ အနည်းငယ် ချို့ယွင်းနေတာကို တွေ့ရှိရပါသည်။ ကျောင်းတွင် ဆရာ/ဆရာမများ၊ ကျောင်းသုံး ပရိဘောဂများ နှင့် ကျောင်းသားအရေတွက်များ လုံလောက်မှုမရှိပါ။ ကျေးရွာတွင် တာဝန်ကျ ဆရာ/ဆရာမများ နေထိုင်ရန် ဝန်ထမ်းအိမ်ယာအခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးသည့် အစီအစဉ်မှာ ထမင်း၊သစ်သီးစုံဟင်းမျိုး စုံတို့ဖြင့်လည်းကောင်း သာကူ/ ဆန်ပြုတ်များ တိုက်ကျွေးကြောင်း တွေ့ရှိရပါသည်။

(ဆ-၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	လုံလောက်☐ မလုံလောက် ☐✔✔
တပည့် - ဆရာ အချိုး	၄၀:၁ အောက် ☐✔ ၄၀:၁ အထက်☐
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ ☐ နည်း ☐✔ လတ် ☐✔ များ ☐
မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်	ရှိ ☐ မရှိ☐✔
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်☐မလုံလောက်☐✔
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	မြင့် ☐✔ အသင့်အတင့်☐✔
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု	မရှိ☐✔ နည်း ☐
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကောင်း ☐ သင့်☐✔ ညံ့ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျောင်းဆရာ/ဆရာမ ၊ ကျောင်းသုံးပရိဘောဂများနှင့် ကျောင်းသား/ကျောင်းသူအင်အားမှာ မျှတမှုမရှိပါ။ မူလတန်း ကျောင်းထွက်မှုမရှိ သလောက် နည်းပါးပြီး မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေး ကိရိယာများမှာ လုံလောက်မှု မရှိပါ။ ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် ထောက်ပံ့ငွေများ အသင့်အတင့်ရှိပါသည်။ မိဘဆရာအသင်းမှစုံညီပွဲတော်များတွင် လူအား/ငွေအား ဖြင့် ကူညီ ဆောင်ရွက် ကြောင်း တွေ့ရှိရပါသည်။

(၉) ကျန်းမာရေးနှင့်အာဟာရ

(၉-၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပုံနှိပ်မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောရောဂါများ	မြင့်□	နိမ့်□	မရှိ□✔
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်□✔	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်□✔	မရှိ□
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□	မရှိ□✔
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□	မရှိ□
၆	တီဘီ	မြင့်□	နိမ့်□	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်□	မရှိ□
၈	သွေးတိုး	မြင့်□	နိမ့်□✔	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်□မရှိ□✔	
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□မရှိ□✔	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်□	မရှိ□✔

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ကျန်းမာရေးများ တစ်ခါတစ်ရံရာသီချိန်တွင် ချောင်းဆိုးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်တက်ပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ သောက်သုံးရေမကောင်းခြင်း၊ နွေရာသီတွင် ရေနည်းပါးသည့်အချိန်တွင် ချောင်းအတွင်း မွေးမြူရေးဘဲများ ကျောင်းခြင်းကြောင့် သောက်သုံးရေမသန့်ပြန့်ခြင်းများကြောင့် ရောဂါပိုးမွှားများ ကူးဆက်နိုင်ကြောင်း တွေ့ရှိရ ပါသည်။

(၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	✔	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✔	
၃	ပိုလီယိုရောဂါ	✔	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✔	
၅	ဝက်သက်ရောဂါ	✔	
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှုံမှု	✔	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးမှုနှုန်းအရ ပိုလီယိုရောဂါ၊မေးခိုင်(ကိုယ်ဝန်ဆောင်မှုအတွင်း) ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခဲ့ကြောင်း တွေ့ရှိရပါသည်။အခြားအနေဖြင့် မြို့နယ်မှ ပါရဂူကြီးများနှင့်လည်း အခါအားလျော်စွာ ကျန်းမာရေး

ဌာန၏ အကူအညီဖြင့်လာရောက်၍ကာကွယ်ဆေးထိုးခြင်းကိုလည်း တွေ့ရှိရပါသည်။ ကျန်းမာရေးနှင့် ပါတ်သက်ပြီး ပညာပေး ကျန်းမာရေးလုပ်ငန်းများလုပ်ပေးနိုင်မည် ဆိုပါက ကျန်းမာရေးအတွက် ပိုမို ကောင်းမွန်လာနိုင်ကြောင်းတွေ့ရှိရပါသည်။

(၈-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐✔ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☐✔
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐✔ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐✔ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☐
ဆေးဆိုင်	ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐ ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☐✔	ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည်☐ ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ☐✔

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိပါသော်လည်း ကျန်းမာရေးဝန်ထမ်းနည်းပါးခြင်း၊ ဆေးဝါးများလည်း လုံလောက်မှုမရှိခြင်းကြောင်း အခက်အခဲများ တွေ့ရှိရပါသည်။ အာဟာရမှတ်တမ်းယူမှု အရပ်မြင့်၊ အလေးချိန်၊ လက်မောင်းပတ် အာဟာရ ပညာပေး အစီအစဉ်များ မရှိ ကြောင်း တွေ့ရှိရပါသည်။ မအူပင်ဆေးရုံကြီးနှင့် (၁၀)မိုင် ခန့်ဝေးကွာကြောင်း တွေ့ရ ပါသည်။

(ဃ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(ဃ-၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	**အသုံးပြုသော အိမ်ထောင်စု**	**သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ်စစ်ဆေးထားမှု ရှိပါက 'ရှိ'၊ မရှိပါက 'မရှိ')	**ရေ အရည်အသွေး** (သောက်သုံးရေအရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် 'ရှိ' ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ 'မရှိ' ဟု ဖြေဆိုထား ပါက ဖြေရန်မလို)	**သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
ရေတွင်း		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ☐ မိုး☐ ဆောင်း☐
အဝီစိတွင်း/ စက်တပ်		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ☐ မိုး☐ ဆောင်း☐
အဝီစိတွင်း/ တုံကင်	၂	ရှိ☐ မရှိ☐✔	ကောင်း☐ သင့်☐✔ ညံ့☐	နွေ☐✔ မိုး☐✔ ဆောင်း☐✔
မိုးရေ သိုလှောင်ကန်		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ☐ မိုး☐ ဆောင်း☐
မြစ်/ချောင်းရေ	၁၅၅	ရှိ☐ မရှိ☐✔	ကောင်း☐ သင့်☐✔ ညံ့☐	နွေ☐✔ မိုး☐✔ ဆောင်း☐✔
ရေကန်		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ☐ မိုး☐ ဆောင်း☐
စိမ့်စမ်းရေ		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ☐ မိုး☐ ဆောင်း☐

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုအများစုသည် ချောင်းရေကိုသာ အဓိကထား သောက်သုံးနေကြသည်ကိုတွေ့ရှိရပါသည်။အဝီစိတုံကင် အသုံးပြုသည့် အိမ်ထောင်စု(၂)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ချောင်းရေသည် ဆောင်း နှင့် မိုးရာသီတွင် (ရွံ့နွံများ) ရောနှောပါဝင် နေသော ကြောင့် သောက်သုံးရေအနည်းငယ် အခက်အခဲရှိကြောင်း တွေ့ရှိရပါသည်။

(ဈ-၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	**သုံးစွဲနိုင်သော အိမ်ထောင်စု**
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၅၇
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
တွင်း/ဧလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးဌာနမှ ယင်လုံအိမ်သာသုံးစွဲမှုကို စနစ်တကျ အကြိမ်ကြိမ် လာရောက်စစ်ဆေးကြောင်း တွေ့ရှိရပါသည်။ရေလောင်းယင်လုံအိမ်သာမှာ (၁၅၇) လုံးရှိပြီး၊ ဧလားအိမ်သာမှာ အနည်းငယ်ရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများ မရှိကြောင်း တွေ့ရှိရပါသည်။

ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ□✔	မရှိ□
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ□✔	မရှိ□
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	ရှိ□	မရှိ□✔
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု	ရှိ□✔	မရှိ□

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ကြပါသည်။ အမျိုးသမီး ရွာခွဲတာဝန်ခံများ ဆယ်အိမ်မှူးများလည်း ပါဝင်လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးအဖွဲ့များမှာလည်း စိတ်ပါဝင်စားစွာ လုပ်ကိုင်ကြကြောင်း တွေ့မြင် ရပါသည်။

(၄) အခြေခံ အဆောက်အဦများ အခြေအနေ

(၄-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အ သွေး	တည်ဆော က် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□✔၂□၃□ ၄□၅□✔	ကောင်း□ သင့်□ ညံ့□✔	၆လမှ ၁နှစ် □ ၂နှစ်မှ ၅နှစ် □ ၅နှစ်အထက်Â	ပွင့်လင်း ရာသီÂ တစ်နှစ်ပတ်လုံး□	၀–၁ မိုင်□ Â ၁–၅ မိုင်□✔ ၅–၁၀ မိုင်□

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
					၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□✔၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့□	၆လမှ ၁နှစ် □ ၂နှစ်မှ ၅နှစ် □ ၅နှစ်အထက်	ပွင့်လင်း ရာသီ တစ်နှစ်ပတ်လုံး□	၀–၁ မိုင်□ ၁–၅ မိုင်□ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□✔၂□၃□ ၄□၅□	ကောင်း သင့်□ ညံ့□✔	၆လမှ ၁နှစ် □ ၂နှစ်မှ ၅နှစ် □ ၅နှစ်အထက်Â	ပွင့်လင်း ရာသီ Â တစ်နှစ်ပတ်လုံး□	၀–၁ မိုင်□ ၁–၅ မိုင်□✔ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏လမ်းများမှာ မြေသားဖြစ်ပြီး ပွင့်လင်းရာသီချိန်ရောက်မှ ရွာလမ်းကိုအသုံးပြုပြီး မိုးရာသီချိန်တွင် စက်လှေများနှင့်သွားလာကြောင်း တွေ့ရှိရပါသည်။ရွာချင်းဆက်လမ်းမှာ ခုနှစ်မိုင်ခန့်ရှိပြီး မြေသားလမ်းဖြစ်နေသောကြောင့်မိုးတွင်းကာလများတွင် သွားလာရာတွင် အလွန်အခက်အခဲရှိပါသည်။ မြေသားလမ်အား အဆင့်မြင့်တင်ပေးမည်ဆိုပါက ကျေးရွာ နေပြည်သူများနှင့် ကျောင်းသား/သူများသွာလာရေးအဆင်ပြေချောမွေ့စေမည်ဖြစ် ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား (အလျား၊အနံ၊အမြင့်)	အရည်အသွေး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု
ဆိပ်ခံတံတား	-	ကောင်း □ သင့် □ ညံ့ □	၆လမှ ၁နှစ် □ ၂နှစ်မှ ၅နှစ် □ ၅နှစ် အထက်□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□
ကွန်ကရစ် တံတား	-	ကောင်း □ သင့် □ ညံ့ □	၆လမှ ၁နှစ် □ ၂နှစ်မှ ၅နှစ် □ ၅နှစ် အထက်□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□
သစ်သား တံတား	-	ကောင်း □ သင့် □ ညံ့ □	၆လမှ ၁နှစ် □ ၂နှစ်မှ ၅နှစ် □ ၅နှစ် အထက်□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□
ကြိုးတံတား	-	ကောင်း □ သင့် □ ညံ့ □	၆လမှ ၁နှစ် □ ၂နှစ်မှ ၅နှစ် □ ၅နှစ် အထက်□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□
ဝါးတံတား	၆၀ ပေ	ကောင်း □ သင့် □ ညံ့□✔	၆လမှ ၁နှစ် □ ၂နှစ်မှ ၅နှစ် □ ၅နှစ် အထက်□	ပွင့်လင်း ရာသီ□✔ တစ်နှစ်ပတ်လုံး□
ရေပြွန်	-	ကောင်း □	၆လမှ ၁နှစ် □	ပွင့်လင်း ရာသီ□

တံတား အမျိုးအစား	အရွယ်အစား (အလျား၊အနံ၊အမြင့်)	အရည်အသွေး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု
		သင့် ☐ ညံ့ ☐	၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	တစ်နှစ်ပတ်လုံး☐
ရေကျော်	-	ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွာချင်းဆက်လမ်းတွင်ဝါးတံတားဖြင့် တည်ဆောက်ထားပါသည်။ ကျေးရွာတွင်းမြေသားလမ်းများအား ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ လက်ရှိ သွားလာနေသော ရွာချင်းဆက်တံတားအား တည်ဆောက်ထားသည်မှာ အချိန်ကြာမြင့်နေသည်ဖြစ်၍ မခိုင်ခံ့သောဘဲ သွားလာရာ ခက်ခဲမှုရှိသောကြောင့် သွားလာရာလွယ်ကူစေရန် ဝါးတံတားအား ကွန်ကရစ်တံတားတည်ဆောက်မည်ဆိုပါက အများပြည်သူများ နှင့် ကျောင်းသား/သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ကြောင်း တွေ့ရှိရပါသည်။

(၄-၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐✔ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	၁ ☐၂ ☐✔ ၃ ☐	ပွင့်လင်းရာသီ☐ ✔တစ်နှစ်ပတ်လုံး☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။၁ "လှေ၊သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော်။

လေ့လာတွေ့ရှိချက်။ ။ ကညင်ဝ ကျေးရွာသည် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးကို အဓိကထား သုံးစွဲပါသည်။ မိုးရာသီတွင် ကုန်းလမ်းခရီးမှာ လမ်းမကောင်းသောကြောင့် ကုန်ထုတ်လုပ်ငန်း အတွက် လှေ/စက်လှေတို့ဖြင့်သာ ရေလမ်းခရီးကိုသာ အဓိကထား အသုံးပြုကြပြီး ပွင့်လင်း ရာသီတွင် အခြားကျေးရွာများမှ ဆိုင်ကယ်ကယ်ရီ/ထော်လာဂျီ/ကားဖြင့် သွားလာ ပြေးဆွဲ နေကြ ရပါသည်။ ရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်ပြီး စက်လှေမော်တော် ယာဉ်များ ဖြင့် ပို့ဆောင် သွားလာနေ

ကြပါသည်။

(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၁၃၉	၆၉		၁	-		-		

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်ပြီး ယခင်က လှေသမ္ဘာန်များဖြင့် သယ်ယူရပြီးယခုအခါတွင်စက်လှေ၊မော်တော်ယာဉ်များဖြင့်သာ သယ်ယူပို့ဆောင်မှုများပြုလုပ်ကြပါသည်။

(၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်	အခက်အခဲ
မဟာဓာတ်အားလိုင်း		ကောင်း☐ သင့်☐ ညံ့✔မဖြေဆို☐	ရှိ☐✔ မရှိ☐
ဆိုလာစနစ်	၅၁	ကောင်း☐ သင့်☐✔ ညံ့☐ မဖြေဆို☐	ရှိ☐ မရှိ☐✔
အသေးစားရေအားလျှပ်စစ်	-	ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐	ရှိ☐✔ မရှိ☐
ဒီဇယ်သုံးအင်ဂျင်	၃၈	ကောင်း☐ သင့်✔ ညံ့☐မဖြေဆို☐	ရှိ☐ မရှိ☐✔
လေစွမ်းအင်	-	ကောင်း☐ သင့်☐ ညံ့☐✔ မဖြေဆို☐	ရှိ☐✔ မရှိ☐
ဧဝံလောင်စာ	-	ကောင်း☐ သင့်☐ ညံ့☐✔ မဖြေဆို☐	ရှိ☐✔ မရှိ☐
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၅၀	ကောင်း☐ သင့်☐ ညံ့✔မဖြေဆို☐	ရှိ☐✔ မရှိ☐
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၁၈	☒	☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း မဟာဓါတ်အားလိုင်းနှင့် မဝေးသော်လည်း ငွေကြေးမတက်နိုင်သောကြောင့် သွယ်တန်းအသုံးပြုနိုင်ခြင်း မရှိသေးပါ။ အိမ်ထောင်စုအများစုမှာ လျှပ်စစ်ဓါတ်အားကို ဆိုလာစနစ်ဖြင့်သာ သုံးစွဲနေကြသည်။ဆိုလာစနစ်မှာ နွေအခါတွင် အဆင်ပြေသော်လည်း မိုးတွင်းအခါတွင် အခက်အခဲရှိပါသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းရရှိပါလျှင် ကျေးရွာအတွက် ပိုမိုအကျိုးရှိ၍ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

(၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း
အရေအတွက်	၁၆၅		၁၈	၁၈

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင်ပြေမှုရှိသော အိမ်ထောင်စုများတွင် P.S.I ဂြိုလ်တုစလောင်း အနည်းငယ်တပ်ဆင်ထားခြင်းရှိသည်။ အိမ်ထောင်စုအချို့မှာလည်း ဖုန်း အသုံးပြုနိုင်မှုကြောင့် ဆက်သွယ်ရေးကောင်းမွန်သည်ကို တွေ့ရသည်။ TVကို ကျေးရွာအိမ်ထောင်စု၏ (၁၁.၄၆%) ခန့်သာ အသုံးပြုနိုင်ကြောင်း တွေ့ရှိ ရသည်။

(ဃ)ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ	ဝန်ဆောင်မှု
လူငယ်များ အနားယူ အပန်းဖြေရန် နေရာများပျော်ပွဲရွှင်ပွဲများရှိခြင်း	ရှိ □ မရှိ□✔မဖြေဆိုပါ□
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	ကောင်း□ သင့်□✔ညံ့□မဖြေဆိုပါ□
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ကောင်း□ သင့်□✔ညံ့□ မဖြေဆိုပါ□
အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း	ကောင်း□ သင့်□ ညံ့□✔မဖြေဆိုပါ□
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	ကောင်း□ သင့်□✔ညံ့□ ဖြေဆိုပါ□
ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်မှု	မရှိ □ နည်း □✔ များ□
စိတ်ဝင်စားရာများကိုမိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ၊လူငယ်ရိပ်သာများ၊စာကြည့်တိုက်များ စသည်တို့တွင်ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း	ရှိ □ မရှိ□✔ မဖြေဆိုပါ □

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အပန်းဖြေအနားယူသည့် နေရာသီးသန့်မရှိပါ။ လူမှုရေးလုပ်ငန်းများ နှင့် ဘာသာရေးလုပ်ငန်းများတွင် အသင့်အတင့် စိတ်ပါဝင်စားမှု အနည်းငယ်ရှိပါသည်။အားကစားလုပ်ငန်းဘက်တွင်လည်း သင့်တင့်စွာရှိပါသည်။ ကျေးရွာတွင် ရိုးရာ ယဉ်ကျေးမှုထိန်းသိမ်းမှုအတွက် ဗုဒ္ဓဝင်ရွတ်ဆိုပွဲ၊ ပဌာန်းပွဲများ ကျင်းပကာထိန်းသိမ်းထားပါ သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသောကြောင့် အသိပညာဗဟုသုတ လေ့လာမှုအားနည်း ကြောင်း တွေ့ရှိရ ပါသည်။

(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
တယ်လီဖုန်းလိုင်း၊တယ်လီဖုန်းတာဝါတိုင်များ၊ကြေးနန်းလိုင်း၊အင်တာနက်လိုင်း၊ရုပ်မြင်သံကြားလိုင်း၊ရေဒီယိုလို	ရှိ □ မရှိ □✔ မဖြေဆိုပါ □

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ငြိစသောဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာအထောက်အကူပြုအဆောက်အဦများရှိခြင်း	
အာမခံလုပ်ငန်းများ၏ဝန်ဆောင်မှုများကိုရရှိနိုင်ခြင်း	ရှိ ☐ မရှိ ☐✔ မဖြေဆိုပါ ☐
လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်	ရှိ ☐✔ မရှိ ☐ မဖြေဆိုပါ ☐
မှုခင်းများကာကွယ်တားဆီးလျော့ချရေးအတွက်ရဲဘက်ဆိုင်ရာများမှဝန်ဆောင်မှုပေးခြင်း	ရှိ ☐✔ မရှိ ☐ မဖြေဆိုပါ ☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လုံခြုံရေးနှင့်ပတ်သက်ပြီး ကျဉ်စုတ်ကျေးရွာနှင့် (၃)မိုင် အကွာတွင် ရဲကင်းရှိပါသည်။ ကျေးရွာတွင်လည်း ပြည်သူ့စွမ်းအားရှိသော်လည်း ဆက်သွယ်ရေး အဆောက်အဦများ မရှိပါ။ ရဲဘက်ဆိုင်ရာမှ ထိုက်သင့်သော လုံခြုံရေးစနစ်များပေးပါသည်။

(ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
မှုခင်းဖြစ်ပွားမှု အခြေအနေ	စိုးရိမ်ရသည် ☐ သာမန် ☐ မရှိ☐✔	စိုးရိမ်ရသည် ☐ သာမန် ☐ မရှိ☐✔	စိုးရိမ်ရသည် ☐ သာမန်☐✔ မရှိ ☐	စိုးရိမ်ရသည် ☐ သာမန် ☐ မရှိ☐✔

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လူကုန်ကူးမှု မရှိကြောင်း တွေ့ရှိရပြီး ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် အသိမိတ်ဆွေများမှ နီးစပ်ရာအလုပ်များသို့ အလုပ်သွင်းပေးခြင်းများသာ ရှိကြောင်း တွေ့ရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်
အခြေအနေကောင်းများအဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်နှင့် ဝေဖန်ဆန်းစစ်ချက်များ
ကျေးရွာ၏ ပထဝီတည်ရှိမှုအခြေအနေ	-မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိခြင်း။ -စိုက်ပျိုးမြေလုံလောက်စွာရှိခြင်း။ -ရေအရင်းအမြစ် လုံလောက်စွာရှိခြင်း။ -သဲ၊ကျောက်များအလွယ်တကူဝယ်ယူရရှိနိုင်ခြင်း။ -လမ်းခင်းကျောက်များအလွယ်တကူဝယ်ယူရရှိနိုင်ခြင်း။ -အချိန်ရာသီမရွေးမြို့ပြနှင့်လက်လှမ်းမီခြင်း။ -နိုင်ငံခြားသို့သွားရောက် အလုပ်လုပ်ကိုင်နိုင်ခြင်း။ -စက်ရုံအလုပ်ရုံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ခြင်း။ -ကုန်လမ်းခရီးအားရာသီမရွေးသွားလာနိုင်ခြင်း။ -ပွင့်လင်းရာသီတွင် ယာဉ်များဝင်ထွက်သွားလာနိုင်ခြင်း။ -ကျေးရွာချင်းဆက်လမ်းများကောင်းမွန်လာခြင်း။

စိုက်ပျိုးရေး	-မိုးစပါး၊နွေစပါးများစိုက်ပျိုးရအဆင်ပြေချောမွေ့ခြင်း။ -မြစ်ရေတင်လုပ်ငန်းကိုလုပ်ဆောင်နိုင်ခြင်း။ -သွင်းအားစုများဝယ်ယူရရှိနိုင်ခြင်း။ -ဈေးကွက်လက်လှမ်းမှီခြင်း။ -ဟင်းသီးဟင်းရွက်များစိုက်ပျိုးနိုင်ခြင်း။ -နှစ်ရှည်သီးနှံပင်များစိုက်ပျိုးနိုင်ခြင်း။
မွေးမြူရေး	-အစာအတွက်ဝက်၊ကြက်၊ဘဲမွေးမြူရေးများအတွက် သွင်းကုန်များကိုအလွယ်တကူဝယ်ယူရရှိနိုင်ခြင်း။ -မွေးမြူရေးကာကွယ်ရေးနည်းပညာများနှင့် ဝန်ဆောင်မှုများကိုချိတ်ဆက်ရရှိနိုင်ခြင်း။ -အသားစားကြက်များမွေးမြူရန်မြေနေရာရှိခြင်း

ကျေးရွာဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်နှင့် ဝေဖန်ဆန်းစစ်ချက်များ
ပညာတက်ကြွမ်းကျင် လုပ်သား	-ကျေးရွာတွင် ဘွဲ့ရပညာတက်များရှိခြင်း။ -လက်သမား၊ပန်ရံ၊ဒီဇယ်စက်ပြင် ၊ဆိုင်ကယ်ပြင် သူများရှိခြင်း။ -အိမ်တွင်းမှလုပ်ငန်းများလုပ်ကိုင်ရန် အမျိုးသမီးလုပ်အားရှိခြင်း။
ကျန်းမာရေး	-(၁)မိုင်အကွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ရှိခြင်း။ -မအူပင်ပြည်သူဆေးရုံနှင့် လက်လှမ်းမှီခြင်း။
လျှပ်စစ်မီး	-ကျေးရွာသားများသည် ယင်လုံအိမ်သာများအသုံးပြုနေခြင်း။
သန့်ရှင်းသောသောက်သုံးရေး	-မဟာဓါတ်အားလိုင်းနှင့်နီးကပ်စွာ တည်ရှိပါသည်။ -မြစ်ချောင်းရေကိုသာအဓိကထားသောက် သုံးကြ ပါသည်။

	-

(ခ) အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်နှင့် ဝေဖန်ဆန်းစစ်ချက်များ
သဘာဝအရင်းအမြစ်	-တိုးချဲ့စိုက်ပျိုးရန် မြေနေရာမရှိခြင်း။
ဒေသဆိုင်ရာအခက်အခဲများ	-ရွာချင်းဆက်လမ်းများအဆင့်မြှင့်တင်ရန်လိုအပ်ခြင်း။
ရာသီဥတုအခြေအနေမပေးမှု	-မုန်တိုင်းအန္တရာယ် အသင့်အတင့် ခံစားရခြင်း။
လူမှုစီးပွားကဏ္ဍ	-ပညာရေးဆိုင်ရာအဆောက်အဦများထပ်မံတိုးချဲ့ရန် ငွေကြေးမရှိခြင်း။ -စီးပွားရေးဆိုင်ရာနည်းပညာနှင့် ဝန်ဆောင်မှုများလိုအပ်ခြင်း။
နည်းပညာ၊ဝန်ဆောင်မှုများ	မွေးမြူရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် မွေးမြူရေးလုပ်ငန်းများ မရှိခြင်း။ -မွေးမြူရေးတိုးတက်မှုအတွက် နည်းပညာနှင့် မျိုးကောင်းမျိုးသန့် များရရှိအောင် ဆောင်ရွက်မှုအားနည်းခြင်း။

	-စွန့်ဦးတီထွင် အသေးစားစီးပွားရေးလုပ်ငန်းရှင်များမရှိခြင်း။ -အသေးစားချေးငွေအတိုးနှုန်းမြင့်မားခြင်းနှင့် ကာလတိုခြင်း။ -မြို့ပေါ်ရှိဘဏ်လုပ်ငန်းဝန်ဆောင်မှုများသည် ကျေးရွာသို့နယ်လည့်ဆောင်ရွက်မှုမရှိခြင်း။ -ကျေးရွာလူထု၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ကုန်ထုတ် လုပ်မှုမျာတိုးတက်ရန် ကူညီမည့် နည်းပညာနှင့် နည်းပညာ ဆိုင်ရာဝန်ဆောင်မှုများကိုလက်လှမ်းမမှီခြင်း။
အခြေခံအဆောက်အဦကဏ္ဍ	-လမ်းတံတား၊အခြေခံအဆောက်အဦများအတွက် နည်းပညာနှင့်ငွေကြေးပံ့ပိုးနေနိုင်မှုအားနည်းခြင်း။ -လျှပ်စစ်မီးသွယ်တန်းရန် မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်ရန်လိုအပ်နေခြင်း။ -ကျေးရွာတွင်းမြေသားလမ်းများအားအဆင့်မြှင့်တင်ရန်လိုအပ်ခြင်း။

ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်နှင့် ဝေဖန်ဆန်းစစ်ချက်များ
သဘာဝဘေးအန္တရာယ်များကျရောက် လျှင်တုံ့ပြန်နိုင်မှု	လေပြင်းတိုက်ခတ်မှု၊မုန်တိုင်းအန္တရာယ်၊ငလျင်၊ရေးကြီးခြင်း၊ ကမ်းပါးပြိုခြင်းတို့ကိုကာကွယ်ရန် ကြိုတင်အစီအစဉ်များပြုလုပ်ရန် လိုအပ်ခြင်း။
ဈေးကွက်လက်လှမ်းမှီမှုခက်ခဲခြင်းနှင့် ဈေးကွက်မရရှိခြင်း	-ကျေးလက်ကုန်ထုတ်လုပ်သူများမရရှိခြင်းနှင့် ဈေးကွက်ရှာဖွေရန် နည်းပညာအားနည်းခြင်း။ -ကုန်ချောထုတ်လုပ်နိုင်မှုအားနည်းသောကြောင့် ဈေးကွက်ရရှိမှုမတွင်ကျယ်ခြင်း။
လူငယ်နှင့်ယဉ်ကျေးမှု	-အပန်းဖြေနားနေနိုင်ရန် နေရာသီးသန့်မရှိခြင်း။ -အားကစားပစ္စည်းနှင့် အားကစားကွင်းများမရရှိခြင်း။

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

နိဒါန်း

မအူပင်မြို့နယ်တွင် ကျေးရွာပေါင်း (၄၄၂)ရွာ ရရှိသည့်အနက် မှ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်း အားဆောင်ရွက်ရန် ကညင်ဝကျေးရွာအုပ်စု၊ ကညင်ဝကျေးရွာ ကို ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ရွေးချယ်ခံခဲ့ရပါသည်။ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ကျေးရွာသူ သားများ ကိုယ်တိုင် ဖော်ထုတ်ကာ (၅)နှစ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ဤစာအုပ်အား ရေးသားရခြင်းဖြစ်ပါသည်။

ရည်ရွယ်ချက်

မိမိတို့ ကျေးရွာအား နောင်(၅)နှစ်ကာလ အတွင်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာအဖြစ် ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြ ပါသည်။ ထို့ပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရ အဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ် နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရက်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းပြုလုပ်လာ နိုင်ပါသည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင် ကျေးရွာလူထုဦးဆောင် ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်အတွက် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင် စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကညင်ဝကျေးရွာသည် မအူပင်ကျွန်း၊ညောင်တုန်းကျွန်း၊သုံးခွကျွန်းဟူ၍ ကျွန်းသုံးကျွန်း ရှိသည့်အနက် မအူပင်ကျွန်းအတွင်း တည်ရှိကာ မအူပင်မြို့နယ် အလယ်ဗဟိုလောက်တွင် တည်ရှိပါသည်။ ကျေးရွာသည် မအူပင်ကျွန်းတာဘောင်လမ်းအတွင်း တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ခရိုင်မြို့တော် မအူပင်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ငါးဖမ်းခြင်း လုပ်ငန်းများ ဖြစ်ကြပါသည်။ ဒေသ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ(၁၁.၄၆")မှ (၂၁.၅၄")ဝန်းကျင် တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာ၏ အနောက်ဘက်တွင် ရာဇူဒိုင်မြစ်လည်းရှိပါသည်။မြေပြင်အနေထားမှာ မြေပြန့်ဖြစ်ပြီး လယ်မြေ များသည် စပါးစိုက်ပျိုးလုပ်ကိုင်ရန် နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အဓိကအားထားရာဖြစ်သည့် (၃)နှစ်တစ်ကြိမ်ခန့် ရေကြီးနှစ်မြှပ်ခြင်းခံရသော်လည်း စီးပွားရေး ပျက်စီးသည့်အထိ မတွေ့ကြုံရသေးပါ။ နွေစပါး၊ မိုးစပါး ကို အဓိကထား စိုက်ပျိုးသော ဒေသဖြစ် ပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင်း စိုက်ပျိုးဧက (၄၈၁.၂၇)ဧကရှိပြီး မိုးစပါး၊နွေစပါး အလည့်ကျ စိုက်ပျိုး နေကြ ပါသည်။ မိုးစပါးစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ(၄၀)တင်း ရှိပြီး ၊နွေစပါးစိုက်ပျိုးမှုမှာ တစ်ဧကလျှင် ပျမ်းမျှ(၁၀၀)တင်း ထွက်ရှိကြပါသည်။ဆောင်းသီးနှံ အဓိက မတ်ပဲကိုသာ စိုက်ပျိုးကြပြီး လုပ်သားခ၊ ပိုးမွှား ဖျက်ဆီးမှုနှင့် ဈေးကွက်နှိမ့်ကျမှုတို့ကြောင့် တောင်သူများအနေဖြင့် အရှုံးနှင့်ရင်ဆိုင် နေကြရသောကြောင့် စိုက်ပျိုးသီးနှံ အစားထိုးစိုက်ပျိုး နိုင်ရန် နည်းပညာ နှင့် အကူအညီလိုအပ်ကြောင်း လေ့လာ တွေ့ရှိရ ပါသည်။

ကျေးရွာ၏ လူမှုဖွဲ့ဖြိုးတိုးတက်ရေးအခြေအနေ

ကျေးရွာအတွင်းရှိ ကျား/မ အချိုးမှာ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် အနည်းငယ်ပိုများပါသည်။အလုပ်သမားဦးရေများသော်လည်း အလုပ်အကိုင် အခွင့် အလမ်းနည်းပါးပါသည်။ ကျေးရွာတွင် (၃၀ ပေ x ၆၀ ပေ)မူလတန်းကျောင်းရှိပြီး မူလတန်း ကျောင်းသား(၈၉)ဦး ပညာသင်ကြားရာတွင် အဆင်ပြေသော်လည်း ကျောင်းသား/သူဦးရေ နှင့် ကျောင်းသုံး ပရိဘောဂမှာ လုံလောက်မှုမရှိသောကြောင့် အခက်အခဲရှိကြောင်း တွေ့ရပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အိမ်ခြေ (၁၅၇)လုံး ရှိသည့်အနက် အိမ်ခြေ(၇)အိမ်သည် ချမ်းသာအဆင့်၊ အိမ်ခြေ (၂၈)အိမ်သည်အလယ်အလတ်အဆင့်၊အိမ်ခြေ (၆၄)အိမ်သည် ဆင်းရဲအဆင့်၊အိမ်ခြေ(၅၈)အိမ်သည် အလွန်ဆင်းရဲအဖြစ် ခံယူကြပါသည်။အိမ်ထောင်စုအများစုသည် လုပ်သားဦးရေများရှိသော်လည်း ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း မလုံလောက်မှုကြောင့် ဝင်ငွေနည်းပါးကြပါသည်။ဝင်ငွေကောင်းမွန်ပြီး အောင်မြင်စေရန်အတွက် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် စီမံခန့်ခွဲမှုသင်တန်းများပြုလုပ်ပေးပါရန် လိုအပ်ပါသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး လယ်ယာအငှား လုပ်သမားများ၊လက်လုပ် လက်စားများ နှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊ ခေါင်းရွက်ဗျက် ထိုးလုပ်ငန်းများ၊ဆန်စက်၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ၊ အထည်ချုပ်စက်ရုံ၊ ဟော်တယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေကြသည်။ ကျေးရွာ၏ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု အများစုမှာ စားဝတ်နေရေးအတွက် ဖြေရှင်းနေရပါသည်။ ဆင်းရဲ၍မိသားစုဦးရေများပြားသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ကျေးရွာအတွင်း အလုပ်မရွေး လုပ်ကိုင်ကာ စားသောက်နေကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာအတွင်း ကျန်းမာရေးများ တစ်ခါတစ်ရံရာသီချိန်တွင် ချောင်းဆိုးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်တက်သည်ကို တွေ့ရပါသည်။ အခြားအနေဖြင့် မြို့နယ်မှ ပါရဂူကြီးများနှင့်လည်း အခါအားလျော်စွာ ကျန်းမာရေးဌာန ၏ အကူအညီဖြင့် လာရောက်၍ ကာကွယ်ဆေးထိုးခြင်းကိုလည်း တွေ့ရှိရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံရေးတတ်၊ ဖတ်တတ်၊အတွက်တို့ကို တက်မြောက်ကြပြီး တက္ကသိုလ် ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ပညာအရည်အချင်း အသင့်အတင့် တက်မြောက်ကြသော်လည်း စီးပွားရေးအခြေအနေနှင့် အသိပညာ ဗဟုသုတနည်းပါးခြင်း ကြောင့် လူငယ်လူရွယ်များ အတွက်အလုပ်အကိုင်အခွင့်အလမ်းနည်း ပါးပါသည်။ကျောင်းနေအရွယ် များပြားသော်လည်း ကျေးရွာတွင် မူလတန်းကျောင်းရှိသောကြောင့် ပညာသင်ကြားရာတွင် အဆင်ပြေပြီး ကျောင်းသား အရေအတွက်နဲ့ ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိသောကြောင်း အခက်အခဲရှိပါသည်။

(စ) ကျား-မ ရေးရာဆိုင်ရာ

ကျေးရွာတွင် ကျား-မ ဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်အတူ အမျိုးသမီးများလည်း ဦးဆောင်ပါဝင်လေ့ရှိသည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအတွက်ထက် အနည်းငယ်များနေသော်လည်း အထက်တန်းကျောင်းများတွင် ယောကျ်ားလေးအရေအတွက်မှာမိန်းကလေး အရေအတွက်ထက်များနေ၍အမျိုးသမီးများအတွက် ပညာ သင်ယူရေးဆိုင်ရာ အခွင့်အရေးမှာအမျိုးသားများ နှင့် အတူတူပင်ဖြစ်ပါသည်။ ဆင်းရဲ၍ မိသားစု ဦးရေများပြားသည့် မုဆိုဖို/တခုလပ်အိမ်ထောင်စုနှင့်ဆင်းရဲ၍ မိသားစုဦး ရေများပြားသည့် အမျိုးသမီးအိမ်ထောင်စုများသည် ကျေးရွာတွင်အလုပ်မရွေးဘဲ လုပ်ကိုင်ကာ စားသောက် နေထိုင်ကြပါသည်။ အခြားဒေသသို့ သွားရောက် နေထိုင်လုပ်ကိုင်သူ အများစုသည် ရန်ကုန်မြို့သို့သွားရောက်ပြီး အမျိုးသားများအနေဖြင့် လက်သမား၊ပန်းရံ အစရှိသည့် ကာယလုပ်သားများအဖြစ်လည်းကောင်း၊အမျိုးသမီးများအနေဖြင့်
အထည်ချုပ်စက်ရုံများတွင်လုပ်ကိုင်ခြင်းဖြစ်လည်းကောင်း ဆောင်ရွက်နေကြကြောင်း တွေ့ရှိရပါသည်။သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုမိုရကြပါသည်။ ဥပမာအားဖြင့် လုပ်အားခ သဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခနည်းပြီး ရကြရပါသည်။အုပ်ချုပ်ရေးမှူး အဖွဲ့အစည်းများတွင်မူအမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်း လျက်ရှိပါသည်။ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သတ်၍အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား-မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်း ဖွံ့ဖြိုးရေးအဖွဲ့(၅)ဖွဲ့ရှိပြီးသည် ပရဟိတအဖွဲ့သည် လုပ်ငန်းဖော်ဆောင်မှု အကောင်းဆုံးအဖွဲ့ဖြစ်သည်။ ထို့အတူ လူမှုရေးအဖွဲ့ဖြစ်သော နာရေးကူညီမှု အဖွဲ့၏ လုပ်ဆောင်မှုမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကျသည်။ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကညင်ဝကျေးရွာအနေဖြင့် နွေစပါးစိုက်ပျိုးသော ကျေးရွာဖြစ်သော်လည်း ရေလုံလောက်မှုမရှိခြင်း၊မြေဩဇာ စနစ်တကျကြွေးနိုင်မှု စွမ်းအား နည်းပါးမှုတို့ကြောင့် မိုးစပါးအထွက်နှုန်း မှာ အများဆုံး (၅၀)တင်း၊အနည်းဆုံး (၃၀)တင်း ထွက်ရှိပါသည်။ ကျေးရွာတွင် ဒေသထွက် မျိုးရင်းများ ဖြစ်ကြသော ကြက် ၊ ဘဲ ၊ ဝက်နှင့် နွားများကို တစ်နိုင်တစ်ပိုင်မွေးမြူထား ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ ခေါင်းရွက်ဗျက်ထိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် ဈေးရောင်းလုပ်ငန်းတို့ လုပ်ကိုင်ကြပါသည်။ အခြားလုပ်ငန်းများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေထားတွင် ရှိပါသည်။ အိမ်ထောင်စု အများစုသည် လုပ်သားဦးရေများ ရှိသော်လည်း ရွာတွင် အလုပ်အကိုင် အခွင့်အလမ်း မလုံလောက်မှုကြောင့် ဝင်ငွေနည်းပါးကြပါသည်။အခြားဒေသသို့ သွားရောက်နေထိုင်လုပ်ကိုင်သူအများစုသည် ရန်ကုန်မြို့သို့သွားရောက်ပြီး အမျိုးသားများ အနေဖြင့် လက်သမား၊ပန်းရန်အစရှိသည့်ကာယလုပ်သားများ အဖြစ်လည်းကောင်း၊ အမျိုးသမီးများအနေဖြင့် အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ခြင်း ဖြင့်လည်းကောင်းဆောင်ရွက်နေကြကြောင်းတွေ့ရှိရပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများမှာ အသင့်ထုပ်ပိုးပြီးသော မြေဩဇာများကိုသာ အသုံးပြုကြပါသည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး နည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါသည်။ စိုက်ပျိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ပြီး စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ကော်နှင့်ဆက်စပ်သော ပစ္စည်းများ စနစ်တကျ စွန့်ပစ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ကျေးရွာ၏ လယ်ယာမြေများသည် ရာသီဥတုဖောက်ပြန်မှုကို အနည်းငယ်ကြုံတွေ့ရပါသည်။ မိုးဦးနှင့်မိုးနှောင်းကာလများတွင် မုန်တိုင်း အသင့်အတင့် ခံစားရပါသည်။

(ဌ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်သူများအား ချေးငွေပေးသည့် အဖွဲ့ အစည်းရှိပြီး အတိုးနှုန်းအားဖြင့် ငွေတစ်ရာကျပ် အတွက်တစ်လလျှင် ၂ကျပ်ငါးဆယ်ပြားနှုန်းဖြစ်ပြီး ချေးငွေပေးချေသည့် စနစ်မှာ မွေးမြူရေးနှင့် အခြားလုပ်ငန်းများအတွက် အပတ်စဉ်ပေးချေရပြီး လယ်သမားများအတွက်မှာတော့ (၁)လတစ်ကြိမ် သတ်မှတ်ထားပါသည်။ ပြည်သူအနေနှင့် ပြန်လည်ပေးဆပ်ချိန်တွင် အချိန်တိုတောင်းသောကြောင့် အခက်အခဲများရှိပါသည်။ အတိုးနှုန်း သက်သာစွာဖြင့် နှစ်ရှည်ချေးငွေ လိုအပ်နေပါသည်။

(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကညင်ဝကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းသား/သူများ ပညာသင်ကြားနေရပြီး အဆိုပါကျောင်းဆောင်မှာ ၆၀ ပေ၊ ၃၀ ပေရှိသည့် အဆောင်ကို သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ကတေခင်းဖြင့် ဆောက်လုပ်ထားပါသည်။ကျေးရွာအတွင်း မူလတန်းကျောင်း နေအရွယ် (၈၉)ယောက် ရရှိသောလည်း အနီးပတ်ဝန်းကျင် ကျေးရွာများကလာရောက် ကျောင်းတက် နေရသောကြောင့် ကျောင်းသားအရေ အတွက်နှင့်နှိုင်းယှဉ်လျှင် ကျောင်းသုံး ပရိဘောဂမှာ အနည်းငယ်လိုအပ်ပါသည်။ကျေးရွာအတွင်း ပိုလီယိုကာကွယ် ဆေးထိုး ခြင်း မေးခိုင်၊ ကိုယ်ဝန်ဆောင်ကာလအတွင်း) ဝက်သက်ရောဂါကာကွယ်ဆေးများပုံမှန်ကျန်းမာရေးဌာနမှ ဆောင်ရွက် လျှက်ရှိကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိပါသော်လည်း ကျန်းမာရေးဝန်ထမ်းနည်း ပါးခြင်း၊ ဆေးဝါးများ လုံလောက်မှုမရှိသောကြောင့် ကျန်းမာရေးနှင့် ပတ်သက်၍ အခက်အခဲရှိပါသည်။ကျေးရွာတွင် ချောင်းရေကိုသာအဓိကထား သောက်သုံး နေကြပြီး ၊ သောက်သုံးရေကိုတော့ အဝီစိတွင်း/ရေတွင်းများမှ ခါတ်များ(သံခါတ်)ပါတတ်သောကြောင့် သုံးရေအနေနှင့်သာ သုံးစွဲကြပါသည်။ကျေးရွာတွင်အိမ်ထောင်စုအများစုမှာ ယင်လုံအိမ်သာသုံးပြီး အချို့မြစ်ဘေးတွင် နေထိုင်သော မိသားစုအနည်းငယ်မှာ မြစ်ရေကြီးချိန်တွင် မြစ်အတွင်း သို့စွန့်ပစ်ကြပါသည်။ ထိုသို့မြစ်အတွင်းသို့ စွန့်ပစ်သောကြောင့် ကျေးရွာတွင် ရေမသန့်ရှင်းမှုဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေအနားယူနိုင်သည့်နေရာ သီးသန့်မရှိပါ။ လူမှုရေး လုပ်ငန်းများတွင် ပါဝင်မှု အသင့်အတင့်ရှိသလို ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု တွင်လည်း အသင့်အတင့်ရှိကြပါသည်။ကျေးရွာတွင် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမှုအတွက် ဗုဒ္ဓဝင်ရွတ်ဆိုပွဲ၊ ပဌာန်းပွဲများ ကျင်းပကာ ထိန်းသိမ်းထားပါသည်။

(ဇ) အခြေခံအဆောက်အဦ -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာ၏လမ်းများမှာ မြေသားဖြစ်ပြီး ပွင့်လင်းရာသီချိန်ရောက်မှ ရွာလမ်းကို အသုံးပြုပြီး မိုးရာသီချိန်တွင် စက်လှေများနှင့်သွားလာကြောင်း တွေ့ရှိရပါသည်။ ရွာချင်း ဆက်လမ်းမှာ ခုနှစ်မိုင်ခန့်ရှိပြီး မြေသားလမ်းဖြစ်နေသောကြောင့် မိုးတွင်းကာလများတွင် သွားလာရာ အလွန်ခက်ခဲပါသည်။ ကျေးရွာချင်းဆက် ဝါးတံတားသည် ယခုအခါ ပျက်စီး ယိုယွင်းနေသည့်အတွက် သွားလာရခက်ခဲနေပါသည်။

ကျေးရွာတွင်း မဟာဓါတ်အားလိုင်းနှင့် မဝေးသော်လည်း ငွေကြေး မတက်နိုင်သောကြောင့် သွယ်တန်းအသုံးပြုနိုင်ခြင်း မရှိသေးပါ။ လျှပ်စစ်ဓါတ်အားကို ဆိုလာစနစ်ဖြင့်သာ သုံးစွဲနေကြရပါသည်။

မိုဘိုင်းဖုန်း ဆက်သွယ်ရေးကိုစျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုများအတွက် လက်လှမ်းမှီအသုံးပြုကြသည်။အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်ပြီး သတင်းအချက် အလက်ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။ တစ်ရွာလုံး အတိုင်းအတာ အနေဖြင့်လက်ကိုင်တယ်လီဖုန်း ဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်းအေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားမှု မရှိသလောက် နည်းပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့် ရေးဆွဲထားခြင်းမရှိသေးပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

အခန်း(၅)

ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် မြေသားလမ်းအား အဆင့်မြှင့်ပေးမည် ဆိုပါက မြေတူးဖော်ရန် စက်အင်အားများ အဆင်သင့် စီစဉ်ထား ပြီးဖြစ်ခြင်း၊ ဒေသခံပြည်သူများကလည်း လုပ်အားဖြင့် ကူညီဆောင်ရွက်နိုင် ကြပါသည်။

ကျေးရွာအတွင်းမူလတန်းကျောင်းနေအရွယ်(၈၉)ယောက်သာရှိသော်လည်း အနီးပတ်ဝန်းကျင် ကျေးရွာများက ကျောင်းသားများ လာရောက်ကျောင်းတက်ရရာကျေးရွာတွင် မူလွန် စာသင်ကျောင်းတစ်ကျောင်းတည်သာရှိခြင်း၊အလယ်တန်းကျောင်းသားများမှာ အခြားကျေးရွာရှိ ကျောင်းသို့ သွားရောက်ပညာသင်ကြား နေရသဖြင့် ကျေးရွာရှိမူလွန်ကျောင်းအား အဆင့်မြှင့် တင်ပေးခြင်းဖြင့် ပိုမိုအဆင်ပြေလာနိုင် ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါ သည်။ အင်တာနက်အသုံးပြုမှုမှာလည်း ကောင်းမွန်ပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

စိုက်ပျိုးရေးလုပ်ကိုင်သူဦးရေ များပြားပြီး ခေတ်မှီသော စက်ကိရိယာများ လုံလောက် မှုမရှိပါ။ သီးနှံများ စိုက်ပျိုး တိုးတက်စေရန်နှင့် အထွက်နှုန်း ကောင်းမွန်စေရန် နည်းပညာ အထောက်အပံ့များ လိုအပ်ပါသည်။ပွင့်လင်းရာသီတွင်သာ ကုန်းလမ်း ခရီးကို အသုံးပြု နိုင်သဖြင့် လမ်းပန်းဆက်သွယ် ရေးကောင်းမွန်လာပါကရောင်း ဝယ်မှုပိုမိုမြန် ဆန်လာနိုင်ပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုမည်ဖြစ်ပါသည်။ ပို့ဆောင်ရေးလုပ်ငန်းအတွက် ရွာချင်း ဆက်လမ်းများကောင်းမွန်ပါက ပိုမို အဆင်ပြေချောမွေ့ လာနိုင်ပါသည်။

မွေးမြူရေးလုပ်ငန်းများမှာမွေးမြူရေးဘဲများမွေးမြူသော ပြည်သူ(၂၂%) လောက်သာ မွေးနိုင်ပြီး ကျန်သူများမှာ သူများလယ်ယာစိုက်ပျိုးရေးဖြင့်သာ အသက်မွေး ဝမ်းကြောင်း ပြုနေပါသည်။ ဆင်းရဲသော အိမ်ထောင်စု များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက် စေရန် အတွက်၊ အထောက် အပံ့များနှင့် နည်းပညာများ၊ စီမံခန့်ခွဲမှုသင်တန်းများ ပို့ချပေးနိုင်ပါက လာမည့်(၄)နှစ်အတွင်း လျော့ချနိုင်ပါသည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေး စီမံကိန်းများလည်း အကောင် အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

ကျေးရွာအတွင်းမူလတန်းကျောင်းနေအရွယ် (၈၉)ယောက်သာရှိသော်လည်း အနီးပတ်ဝန်းကျင် ကျေးရွာများကကျောင်းသားများလာရောက်ကျောင်းတက်ရရာ ကျေးရွာတွင်မူလွန် စာသင်ကျောင်း တစ်ကျောင်းတည်သာရှိခြင်း၊အလယ်တန်းကျောင်းသားများမှာ အခြားကျေးရွာရှိ ကျောင်းသို့သွား သွားရောက်ပညာသင်ကြားနေရပါသည်။အသိပညာအားနည်းခြင်း၊မိမိတို့၏ စားဝတ်နေရေးအတွက် ရုန်းကန်နေခြင်းများကြောင့် ဖြစ်ပါသည်။ သွတ်မိုးအုတ်နံရံကာ နှစ်ကြာ၍အမိုးနှင့်အခင်းများ အနည်းငယ် ချို့ယွင်းနေတာကို တွေ့ရှိရပါသည်။ ကျောင်းတွင် ဆရာ/ဆရာမများ၊ ကျောင်းသုံး ပရိဘောဂများ နှင့် ကျောင်းသားအရေတွက်များ လုံလောက်မှုမရှိပါ။ ကျေးရွာတွင် တာဝန်ကျ ဆရာ/ဆရာမများ နေထိုင်ရန်ဝန်ထမ်းအိမ်ယာအခက်အခဲရှိပါသည်။

ကျေးရွာတွင်း မဟာဓါတ်အားလိုင်းနှင့် မဝေးသော်လည်း ငွေကြေးမတက်နိုင်သောကြောင့် သွယ်တန်း အသုံးပြုနိုင်ခြင်း မရှိသေးဘဲ ကျေးရွာတွင်း ဒီဇယ်သုံးအင်ဂျင် (၃၈)လုံး ရှိသည့်အနက် အိမ်ထောင်စုတိုင်းတွင် မီးအားပေးစနစ် အသုံးပြုမှု နည်းပါးပါသည်။

အခန်း(၆)

(က) ပန်းတိုင်နှင့်မဟာဗျူဟာ

ကျေးရွာလူထုအားလုံး ပူးပေါင်းပါဝင်ပြီး လာမည့်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(က.၁)ကျုံစုတ်-ကညင်ဝ ရွာချင်းဆက် မြေသားလမ်း အားမြောကျောက်စရစ် လမ်း အဆင့်သို့ တိုးတက်လာစေရမည်။

(က.၂) ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များရှာဖွေခြင်း၊ အသက်မွေးဝမ်းကြောင်း ပညာသင်တန်းများ ရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်း နှင့်စီးပွားရေး အနေအထား တိုးတက်လာစေရမည်။

(က.၃)ကျေးရွာတွင်းလက်ရှိသုံးစွဲနေသောမြစ်ရေအစားသန့်ရှင်းသောသောက်သုံးရေရရှိနိုင် ရေအတွက် ဆောင်ရွက်နိုင်ရမည်။

(က.၄)ကျေးရွာအတွင်း ချေးငွေများကို အတိုးနှုန်းသက်သာစွာ ချေးယူနိုင်ရန် ဆောင်ရွက်နိုင်ရမည်။

(က.၅)ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိစေရန် ဆောင်ရွက်နိုင်ရမည်။

(က-၆) ကျေးရွာတွင်း လက်ရှိဝါးတံတားအဆင့်မှ ကွန်ကရစ်တံတား အဆင့်သို့ တိုးတက်လာ စေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များသို့ ရောက်ရှိစေရန် အောက်ပါအကောင်အထည်ဖော်နည်းများကို ဆောင်ရွက်သွားမည် -

(ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အရင်းအနှီးငွေများရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအိမ်တွင်းမှု လုပ်ငန်းများအတွက် ခွဲဝေနေရာချထားပေးမည်။

အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာ ထွန်းကားလာရေး အတွက် သင်တန်းများ တက်ရောက်နိုင်ရန်အတွက် သက်ဆိုင်ရာ နည်း ပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများကလည်းရရှိထားသော

နည်းပညာများကို ကျေးရွာရှိ လူထုကိုပြန်လည် မျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချပြီး ထုတ်လုပ်မှုကို တိုးတက်စေမည်။

(ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ပန်းရံ၊ လက်သမား၊ စက်ပြင်နှင့် မော်တော် ဆိုင်ကယ်ပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်း များသည် သင်တန်း သားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရ လုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ.၃)ကျေးရွာတွင် ကျေးရွာလမ်းများ အဆင့်မြှင့်တင်ခြင်းများဆက်တိုက်ဆောင်ရွက်ပေး သွားမည်။ ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက် ကောင်းမွန်လာ စေရေး ဆောင်ရွက်မည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ

ထိန်းသိမ်း ရေးအတွက် စီမံခန့်ခွဲနိုင် ရေးကိုလည်း တိုးတက်နိုင် အောင် ဆောင်ရွက်ကြမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်း များကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုးတက်အောင် ဆောင်ရွက်ကြ မည်။ ကျေးရွာ လူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည် များ ပိုမိုရရှိအောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေး ဆောင် ရွက်မည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်ဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ -

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းကျင်ပြီးသော အစိုးရဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်တော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေး နိုင်ကြပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည် ဟုမျှော်လင့်ပါသည်။

ကျွန်တော်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစား ပေးစီမံချက် များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါး၊ နွေစပါး၊ ငှက်ပျောနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာသည် နွေစပါးကို အဓိကထား စိုက်ပျိုးကြပါသည်။ရေကြီးနစ်မြုပ်မှုနှင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရန် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများ အန္တရာယ် အတွက်လည်း နှိမ်နှင်းရေး ဝန်ဆောင်မှုများလိုအပ်နေပါသည်။

(ဂ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများ အတွက်နှင့် အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ချေးငွေများ ကာလရှည် အတိုးနှုန်း သက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ရေလုပ်ငန်းလုပ်ကိုင်သူများအတွက်ချေးငွေများ ထုတ်ချေးပေးနေသော အဖွဲ့အစည်း (၁)ခုရှိပြီး အတိုးနှုန်းသက်သာသော်လည်း သတ်မှတ်ကာလတိုတောင်းသောကြောင့် ပြန်လည်ပေးဆပ်ရာ တွင် အဆင်မပြေဖြစ်နေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်မြစိမ်းရောင်အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေရရှိနိုင်ရေးအတွက် တင်ပြတောင်းခံသင့်ပါသည်။

(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် လျှပ်စစ်မီးရရှိလျှင်အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီး များအတွက် အခွင့်အလမ်းများရရှိနိုင်ပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှု နည်းပညာနှင့် ဈေးကွက်လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်းများ)အတွက် လုပ်ငန်း စီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲ ပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင် ထားရှိပါက တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထို့အဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာဒေသအထိလို အပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

(c) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာတွင် သီးသန့်ဈေးရောင်းချသည့်ဈေးကွက်မရှိသော်လည်း ရွာနှင့်(၁၀)မိုင်ခန့် အကွာတွင် မအူပင်မြို့မဈေးကွက်တွင် တက်ရောက် ဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင် ဈေးဆောက်လုပ်မည့် မြေနေရာမရှိသော်လည်း ကုန်စိမ်း၊ ကုန်ခြောက် ရောင်းချနိုင်ရန်အတွက် စုပုံကွင်းနေရာ ဖော်ဆောင်မည်ဆိုပါက အဆင်ပြေနိုင်ပါသည်။

(စ) ပညာရေးတိုးတက်ကောင်းမွန်လာစေရေး

ကျေးရွာတွင် မူလတန်းစာသင်ကျောင်းရှိပြီး ကျောင်းနေအရွယ်ကလေးများပြားသောကြောင့် ကျောင်းသုံးပရိဘောဂ မလုံလောက်မှုများ ကြုံတွေ့နေရပါသည်။ကျောင်းဆရာ/ဆရာမများအတွက် သီးသန့် အိမ်ယာမရှိခြင်းကြောင့် ဆရာ/ဆရာမ များသွားလာရေးနှင့် နေထိုင်ရေးတို့မှာ အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ ထို့ကြောင့် ဝန်ထမ်းအိမ်ယာဆောက်လုပ် ပေးရန်လိုအပ်ပါသည်။

(ဆ) ကျန်းမာရေးတိုးတက်လာစေရေး

ကျေးရွာမှ အသုံးပြုသော သောက်သုံးနေရသောရေမှာ မြစ်ရေ/ချောင်းရေ ရေတုံကင်များကို အသုံးပြုကြပါသည်။ အိမ်ထောင်စုအများစုမှာ ယင်လုံအိမ်သာသုံးပြီး အချို့မြစ်ဘေးတွင် နေထိုင်သော မိသားစုအနည်းငယ်မှာ မြစ်ရေကြီးချိန်တွင် မြစ်အတွင်းသို့ စွန့်ပစ်ကြပါသည်။ ထိုသို့ မြစ်အတွင်းသို့ စွန့်ပစ်ရာ ကျေးရွာတွင် ရေမသန့်ရှင်းမှုဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်သောကြောင့် သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနမှ လာရောက်ကြည့်ရှုပါရန် လိုအပ်ပါ သည်။

(၉) လမ်းပန်းဆက်သွယ်ရေး

ကျေးရွာတွင် ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကား၊ဆိုင်ကယ်၊ထော်လာကျီ၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်များကို အသုံးပြု၍ သွားလာနေပါသည်။ လမ်းကြီး၊လမ်းငယ်များကို စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ပြီး သွားလာနေသော ယာဉ်များ အားနှင့်ဝန် ခံနိုင်စေရန် ရွာတွင်းလမ်းများကို ပြန်လည်ပြုပြင်ရန် လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်မှုနှင့်အညီ လမ်းများဖွံ့ဖြိုး တိုးတက်လာစေရန် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ရွာတွင်းလမ်းအချို့မှာ မိုးရာသီချိန်တွင် ရွံ့ညွှံများထူထပ်မှုကြောင့် သွားလာရေးများလည်း ခက်ခဲစေပါသည်။

စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် တာဝန်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက(၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလည်းမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲခြားသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်ပါသည်။ ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသတ်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification) သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက်ဖော်ထုတ် ထားသော ကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (EconomicClassification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်ပါသည်။

(ဂ) ဦးစားပေးစီမံချက်များ

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုမှ နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှလည်း နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း အစည်းအဝေးတွင် သဘောတူ သတ်မှတ် ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များနှင့် အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်း အခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်အမည်	အဆင့်	လုပ်ငန်းအကောင်အထည်ဖော်မည့် နှစ်					မှတ်ချက်
			၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	
၁	ကျုံစုတ်-ကညင်ဝ ကျေးရွာချင်းဆက်မြေရောကျောက်စရစ်လမ်း	၈၈	✓	✓	✓	✓	✓	
၂	ဝါးတံတားအား အဆင့်မြှင့်တင်ခြင်း	၆၈	✓		✓	✓		
၃	ကျေးရွာတွင်းလမ်းအား ပြန်လည်ပြုပြင်ခြင်း	၆၄			✓			
၄	လျှပ်စစ်မီးလင်းရေး ရရှိရေးစီမံချက်	၆၂			✓			
၅	ကျေးရွာစာကြည့်တိုက် ရရှိစေရန်	၅၀			✓			

အခန်း(၉)

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာများ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအုပ်စုသတ်မှတ်ခြင်း			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ကျုံစုတ်-ကညင်ဝကျေးရွာချင်းဆက်မြေရောကျောက်စရစ်လမ်း			✓		
၂	ဝါးတံတားအား အဆင့်မြင့်တင်ခြင်း			✓		
၃	ကျေးရွာတွင်းလမ်းအား ပြန်လည်ပြုပြင်ခြင်း			✓		
၄	လျှပ်စစ်မီးလင်းရေး ရရှိရေးစီမံချက်			✓		
၅	ကျေးရွာစာကြည့်တိုက် ရရှိစေရန်			✓		

အခန်း(၁၀)

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်သို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာအထက်တန်းကျောင်း၏ပညာရေး အရည်အသွေးတိုးတက်ကောင်းမွန်စေရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကခေတ်မှီလယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်သည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်တော်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများကိုလည်း ရှာဖွေသည်။ ဥပမာ - မိဘဆရာအသင်းသည် အတန်းပညာ သင်ကြားမှုအရည်အသွေးတိုးတက်ကောင်းမွန်စေရန်မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဖြစ်ကျေးရွာတွင်လမ်းအား အဆင့်မြှင့်တင်ရန် သက်ဆိုင်ရာဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းများတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏တာဝန်သာဖြစ်သည်။

အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီး ဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက် ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကိုထားရှိမည်။ ဥပမာ - ကျေးရွာအတွင်းလမ်းများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ အားသတ်မှတ်ပါမည်။

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကိုထားရှိမည်။ ဥပမာ - ကျေးရွာအတွင်းလမ်းများ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် နှစ်စဉ်လမ်းပြုပြင်ခြင်းအတွက် ထည့်ဝင်လျှဒါန်းလိုသူများထံမှ အလှူငွေများကောက်ခံခြင်း၊ လမ်းပေါ် ဝင်ထွက်သွားလာနေသောယာဉ်နှင့် ကုန်ပစ္စည်းပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများကို သတ်မှတ်ပါမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းတံတား ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသဖြင့် ဆောင်ရွက်ပါမည်။

အခန်း(၁၁)

စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်ဆိုင် တိုးတက်မှုနှင့်ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးကော်မတီ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု၏ အစီရင်ခံစာကို ရွာလူထုအစည်းအဝေးပွဲ၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များပေါ်ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးဆိုင်ရာ လိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)
- (၃)လပတ်အကုန်တွင် ငွေသားနှင့်အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသား မဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန်အဆိုပြုနည်းလမ်းများ။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများကို အစီရင်ခံစာပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ /သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအရင်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များအား ကျွန်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်းတီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းမှာ -

- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြား သက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် ပတ်သက်သူများထံမှ အကြံပြုချက် သုံးသက်ချက်များရယူနိုင်သော အခွင့်အလမ်းများကိုလည်း ရရှိပါမည်။ ဤ အကြံပြုချက်ဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ပါမည်။

(၈) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ-အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကညင်ဝကျေးရွာအုပ်စု၊ကညင်ဝကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဟန်ညွန့်	ဦးညွန့်မောင်	၁၄/မအပ(နိုင်)၀၇၈၇၄၇	၆၀	နာယက	၀၉- ၇၈၀၃၇၁၁၆၀
၂	ဦးသန်းမောင်	ဦးတင်မောင်	-	၆၇	နာယက	၀၉- ၇၇၂၈၃၀၈၀၂
၃	ဦးမြအုန်း	ဦးညွန့်ရင်	၁၄/မအပ(နိုင်)၀၇၈၃၃၆	၆၃	ဥက္ကဋ္ဌ	၀၉- ၄၅၈၃၂၈၅၉၈
၄	ဦးမြသိန်း	ဦးဖိုးထောင်	၁၄/ကလန(နိုင်)၁၂၀၃၀၄	၂၈	-	၀၉- ၇၉၅၂၂၈၀၇၆
၅	ဦးဝင်းဦး	ဦးအောင်သန်း	၁၄/မအပ(နိုင်)၀၇၈၂၉၂	၅၅	စာရင်းကိုင်	၀၉- ၇၈၂၁၄၀၃၀၄
၆	ဦးသောင်းခင်	ဦးတင်မောင်	၁၄/မအပ(နိုင်)၀၇၈၃၂၂၂	၅၂	ဘဏ္ဍာရေးမှူး-၁	၀၉- ၄၄၁၅၇၂၁၃
၇	ဦးရွှေ	ဦးသာန္တန်း	၁၄/မအပ(နိုင်)၀၇၈၃၀၈၈	၅၉	ဘဏ္ဍာရေးမှူး-၂	၀၉- ၇၇၇၄၅၅၄၇၉
၈	ဦးဌေးဝင်း	ဦးသန်းခင်	၁၄/မအပ(နိုင်)၀၇၈၉၇၂၂	၅၀	သော့ကိုင်-၁	၀၉- ၄၄၁၅၇၂၅၉၅
၉	ဦးဝင်းလှိုင်	ဦးသန်းအောင်	၁၄/မအပ(နိုင်)၁၇၆၈၄၃	၄၄	သော့ကိုင်-၂	၀၉- ၄၅၀၇၄၃၃၅၆
၁၀	ဦးသိန်းထွန်း	ဦးအောင်သန်း	-	၄၅	အဖွဲ့ဝင်	-
၁၁	ဦးဖိုးဌေး	ဦးသောင်းစိန်	၁၄/မအပ(နိုင်)၃၀၄၆၁၇	၄၃	အဖွဲ့ဝင်	-
၁၂	ဒေါ်မိချို	ဦးသောင်းရွှေ		၄၈	အဖွဲ့ဝင်	-
၁၄	ဒေါ်သန်းထွေး	ဦးကြည်	၁၄/မအပ(နိုင်)၀၇၈၈၀၃	၅၁	အဖွဲ့ဝင်	၀၉- ၇၈၆၆၇၆၃၃၈၂
၁၅	ဒေါ်အေးမြင့်မော်	ဦးတင်သိန်း	၁၄/မအပ(နိုင်)၁၆၉၄၁၀	၃၇	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄၉	၃	၂၂
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၉	၂၂	၅၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၆	၄၀	၇၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၇	၂၈	၆၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၅	၂၁၃	၄၀၈
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၇	၂၀	၃၇
စုစုပေါင်း		**၃၂၃**	**၃၂၆**	**၆၄၉**
စုစုပေါင်း အိမ်ထောင်စု-၁၅၇		**ပျမ်းမျှလူဦးရေ -၄.၁၃**		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိ ကျား/မအချိုးမှာ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်ကွာခြားပါသည်။အလုပ်သမားဦးရေများပြားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများနည်းပါသည်။ ကျေးရွာတွင် မူလွန်ကျောင်းရှိသောကြောင့် ပညာသင်ကြားရာတွင် အဆင်ပြေပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၅	၁၂၃		မြင့်□လတ်□✔နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂၄	၆၂		မြင့်□လတ်□နိမ့်□✔
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ ✔ နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□ ✔
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၃၈	၄၂	၃	မြင့်□လတ်□ ✔ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□ ✔ နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ ✔ နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□ ✔ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ ✔ နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□ ✔ နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အတွားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□ ✔
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား'** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**'စိုက်ပျိုးရေး'** ကဏ္ဍ ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင်ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ တံငါလုပ်ငန်းလည်း အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော်လည်း စိုက်ပျိုးရေး စက်ကိရိယာများနှင့် အထွက်နှုန်းကောင်းမွန်စေရန် နည်းပညာအထောက်အပံ့များလိုအပ်ပါသည်။ ပွင့်လင်းရာသီတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နိုင်စေရန် ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ပါက ကျေးရွာသူရွာသားများ အားလုံးအဆင်ပြေလာနိုင်ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၅၀၀၀	၃၀၀၀	၅၀၀၀	၃၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၅၀၀၀	၃၀၀၀	၅၀၀၀	၃၀၀၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား		-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်အားခရရှိသောအလုပ်သမားဦးရေမှာ အလွန်နည်းပါးပါသည်။ရာသီ အလိုက် အလုပ်ပေါချိန်တွင် နေ့စားလုပ်ရသော အလုပ်သမားများပါသည်။အချို့မိသားစုများတွင် ရရှိ သောဝင်ငွေနှင့် လုံလောက်မှုမရှိပါ။ထို့ကြောင့် မိသားစုများသော အိမ်ထောင်ရေးတစ်စုတွင် စီးပွား ရေး ကြပ်တည်းမှုများနှင့် ရင်ဆိုင်နေရပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၈၀.၂၇	ကောင်း ☐	သင့်☐✔	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐ ✔
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐✔	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐ ✔
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐ ✔

မြေအမျိုးအစား	ဇရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စားကျက်မြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐✔
မြေလွတ် မြေလပ်	-	ကောင်း ☐ သင့်☐✔ ညံ့ ☐
စုစုပေါင်း	၄၈၀.၂၇	☒

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်လုပ်ငန်းကို အဓိကထား စိုက်ပျိုးကြပါသည်။လယ်ယာလုပ်ငန်း တွင် စပါး ၊ သီးနှံစိုက်ပျိုးနည်းစနစ် မမှန်ကန်ခြင်းကြောင့် မြေဆီထိန်းသိမ်းမှု အားနည်းကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးနည်းပညာဟောပြောပွဲများ ပြုလုပ်မည်ဆိုပါက စိုက်ပျိုးထိန်းသိမ်း နည်း အဆင်ပြေကြောင်း လေ့လာတွေ့ရှိရပါသည်။။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☐✔	လွယ်☐ ခက်☐✔အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☐✔	လွယ်☐ ခက်☐✔အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐✔ နည်း☐ မရှိ☐	လွယ်☐ ခက်☐ ✔ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ ✔ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သတ္တုနှင့်သဘာဝဓါတ်ငွေ့ထွက်ရှိမှု မရှိပါ။ သဘာဝ အပင် မျိုးစိတ်များ အနည်းငယ်တွေ့ရပါသည်။သုံးရာသီပင်များသာ စျေးကွက်ဝင် စိုက်ပျိုးကြပါသည်။ သဘာဝတိရစ္ဆာန် မျိုးစေ့များ ဖြစ်သောငှက်၊မြွေ၊လိပ်၊ တောက်တက်စသော မျိုးစိတ်များကို အလွယ်တကူ တွေ့ရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ ဧကအထက်	လယ် ၅ ဧကမှ၁၀ဧကအထိ	လယ်မရှိ	လယ်မရှိ
အိမ်အခြေအနေ	သွပ်မိုးပျဉ်ထောင်	သွပ်မိုး၊ဝါးထရံကာ	ဝါးအိမ်သွပ်မိုး	ဝါးအိမ်ခနိမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	လက်တွန်းထွန်စက်/စက်လှေ	ဆိုင်ကယ်/လှေပိုက်	TV	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	လယ်	ငါးဖမ်း	ဘောက်	နေ့စား
အိမ်ထောင်စု	၇	၂၈	၆၄	၅၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ခြေ (၁၅၇)လုံး ရှိသည့်အနက် အိမ်ခြေ(၇)အိမ်သည် ချမ်းသာအဆင့်၊ အိမ်ခြေ(၂၈)အိမ်သည် အလယ်အလတ်အဆင့်၊အိမ်ခြေ (၆၄)အိမ်သည် ဆင်းရဲအဆင့်၊အိမ်ခြေ(၅၈)အိမ်သည် အလွန်ဆင်းရဲအဖြစ် ခံယူကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် အတွက်၊အထောက်အပံ့များနှင့် နည်းပညာများ၊ စီမံခန့်ခွဲ မှုသင်တန်းများ ပို့ချပေးနိုင်ပါက လာမည့်(၄)နှစ်အတွင်း လျော့ချနိုင်ပါသည်။ ထိခိုက်လွယ်သော အိမ်ထောင် စု များလည်း ကူညီဆောင်ရွက်မှုများ ပြုလုပ်ရပါမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများလည်း အကောင်အထည်ဖော်ဆောင်ရွက် သင့်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့များ၊ နည်းပညာများ၊ စီမံခန့်ခွဲမှု အစည်းအဝေးများ သင်တန်းများပို့ချ ပေးနိုင်လျှင် လာမည့်(၅) နှစ် အတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ကျစေနိုင်ပါသည်။

(ငှ) ထိလွယ်မှု

(ငှ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၅	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၅_____ လုပ်အားခကြိုယူ= ___၁၀_____
၃ လနှင့် ၆	၈	အခြားအစာပြောင်းလဲစား= _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
လကြား ဝမ်းစာဖူလုံမှု		အစာလျော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃_____ လုပ်အားခကြိုယူ=__၅_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာခနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း ဆင်းရဲသောမိသားစု၊ အိမ်ထောင်စု များပြားပါ သည်။ စစ်တမ်းကောက်ယူရာတွင် ချေးငှားမှုမရှိပဲ တစ်နေ့လျှင် အနည်းဆုံး(၂)နပ် စားနိုင်သည့် အိမ်ထောင်စု များမှာ (၃)လအောက်တွင် (၁၅)အိမ်ထောင်စုဖြစ်ပြီး (၃)လနှင့် (၆)လ ကြားမှာ အိမ်ထောင်စု(၈)စုရှိကြောင်း တွေ့ရှိရပါသည်။ မအူပင်မြို့နယ်၊ ကညင်ဝကျေးရွာအုပ်စု၊ ကညင်ဝကျေးရွာ အနေဖြင့် ဝမ်းစာဖူ လုံမှု မရှိရခြင်းမှာ ရာသီအလိုက်ကျပန်း၊ နေ့စားလုပ်ငန်းများ မှီခို နေရခြင်းကြောင့် တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	မရှိ	မရှိ	မရှိ
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	မရှိ	မရှိ	မရှိ
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၁ အိမ်		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၆ အိမ်		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း မိသားစုရပ်ရွာစောင့်ရှောက်မှုမရှိသော သက်ကြီး ရွယ်အိုနှင့် မသန်စွမ်းပုဂ္ဂိုလ်များမရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများပြားသည့် အမျိုးသမီးဦးဆောင် သည့် အိမ်ထောင်စုနှင့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စုများသည် ကျေးရွာတွင် အလုပ်မရွေးဘဲ လုပ် ကိုင်ကာ စားသောက်နေထိုင်ကြပါသည်။ အိမ်ထောင်စုအများစုသည် လုပ်သားဦးရေများရှိသော်လည်း ရွာတွင် အလုပ်အကိုင် အခွင့်အလမ်း မလုံလောက်မှုကြောင့် ဝင်ငွေနည်းပါးကြပါသည်။ အခြားဒေသသို့ သွားရောက်

နေထိုင်လုပ်ကိုင်သူအများစုသည် ရန်ကုန်မြို့ သို့ သွားရောက်ပြီး အမျိုးသားများအနေဖြင့် လက်သမား၊ ပန်းရန် အစရှိသည့် ကာယလုပ်သားများ အဖြစ်လည်းကောင်း၊ အမျိုးသမီးများအနေဖြင့် အထည်ချုပ် စက်ရုံများတွင် လုပ်ကိုင်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နေကြ ကြောင်းတွေ့ရှိရပါသည်။ ရွှေပြောင်းသွားရောက်လုပ်ကိုင်သူများအား အသိပညာ၊ အရင်းအနှီး ၊ စီးပွားရေးနည်းပညာများကို ကူညီထောက် ပံ့ပေးနိုင်ပါက ပိုမို၍ တိုးတက် နိုင် ပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ် □ ✔နိမ့်□မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □လတ် □ ✔နိမ့်□မရှိ □
၃	ရေကြီးခြင်း	မြင့် □လတ် □ ✔နိမ့်□မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □လတ် □ ✔နိမ့်□မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် □ ✔နိမ့်□မရှိ □
၆	မုန်တိုင်း	မြင့် □လတ် □ ✔နိမ့်□မရှိ □
၇	ငလျင်	မြင့် □လတ် □နိမ့်□မရှိ □ ✔
၈	မီးဘေး	မြင့် □လတ် □နိမ့်□မရှိ □ ✔
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့်□မရှိ □ ✔
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □လတ် □နိမ့်□မရှိ □ ✔
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □လတ် □နိမ့်□မရှိ □ ✔
၁၂	ငှက်ဖျားရောဂါ	မြင့် □လတ် □ ✔နိမ့်□မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □ ✔နိမ့်□မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့်□မရှိ □ ✔
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □လတ် □နိမ့်□မရှိ □ ✔
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □လတ် □ ✔နိမ့်□မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □နိမ့်□မရှိ □ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □လတ် □ ✔နိမ့်□မရှိ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှု အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင်း ရှိတောင်သူကြီးများအနေဖြင့် ဝမ်းစာဖူလုံမှုရှိပြီး ဆန်းစပါးများကို တင်ပို့ ရောင်းချနိုင်ပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် ဝမ်းစာဖူလုံမှုမရှိကြပါ။ ရာသီဥတုမှာ အသင့်အတင့် ကောင်းမွန်ပြီး မိုးဦးနှင့်မိုးနှောင်းကာလတွင် မုန်တိုင်းဒဏ် အသင့်အတင့်ခံစားရလေ့ရှိပါသည်။ ဆားငန်ရေ ဝင်ရောက်မှု မရှိပါ။ ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် □ နိမ့်□မရှိ □✔
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် □ ✔နိမ့်□မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □✔လတ် □နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် □လတ် □နိမ့်□ ✔မရှိ □
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ □✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ □✔
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ □✔
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ □✔
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ □✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် □ ✔ နိမ့်□မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်□မရှိ □✔
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ □✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ □✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ □✔
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်□ ✔မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□ ✔မရှိ □
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□ ✔မရှိ □
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□ ✔မရှိ □
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်□ ✔မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်□ ✔မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လူငယ်လူရွယ်များ များပြားသော်လည်း စီးပွားရေး အဆင်မပြေသောကြောင့် တစ်နေ့လုပ်မှတစ်နေ့စားရသည့် အခြေအနေရှိနေသောကြောင့် မူးရစ် ဆေးဝါးများ သုံးစွဲခြင်း မူရစ်ရမ်းကားပြုလုပ်ခြင်းများ လုံးဝမရှိနိုင်ပါ။ ထိခိုက်မှုမှအားနည်းကြောင့် တွေ့ရှိရပါသည်။ သဘာဝဘေးအန္တရာယ် နှင့် ကြုံတွေ့လာပါက ကြိုတင်ကာကွယ်ရေး လုပ်ငန်း စဉ်များ အသိပညာ၊ အတက်ပညာ ဗဟုသုတများနှင့် ပညာပေးဟောပြောမှု ပြုလုပ်ပေးနိုင်လျှင် ပိုမိုကောင်းမွန်လာနိုင်ပကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပက အဖွဲ့	၁□ ၂□ ၃□ ✔	၁၁	-	၁၁	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□✔ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် □✔ ညံ့ □
၂	အရံမီးသတ် အဖွဲ့	၁□ ၂□✔ ၃□	၂၃	–	၂၃	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □✔ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့်□✔ညံ့ □
၃	နာရေးကူညီမှု	၁□ ၂□✔ ၃□	၁၅	–	၁၅	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□✔ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့်□✔ ညံ့ □
၄	ပရဟိတ	၁□ ၂□✔ ၃□	၃၅	–	၃၅	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□✔ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □✔ သင့်□ ညံ့ □
၅	ကျေးရွာ ကာလသား	၁□၂□✔၃□	၁၅	-	၁၅	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □✔ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့်□✔ ညံ့ □
၆		၁□ ၂□ ၃□				ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် □ ညံ့□
၇		၁□ ၂□ ၃□				ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ဖွံ့ဖြိုးရေးအဖွဲ့(၅)ဖွဲ့ရှိပြီးသည် ပရဟိတအဖွဲ့သည် လုပ်ငန်းဖော်ဆောင်မှု အကောင်းဆုံးအဖွဲ့ဖြစ်သည်။ ထို့အတူ လူမှုရေးအဖွဲ့ဖြစ်သော နာရေးကူညီမှု

အဖွဲ့၏ လုပ်ဆောင်မှုမှာ အသင့်အတင့်ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာ အတွင်း အဖွဲ့များ အချင်းချင်း ချိတ်ဆက်မှုအားနည်းသည်ကိုလဲ တွေ့ရှိရပါသည်။ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု သင်တန်းများပို့ချပြီး စုပေါင်းဆောင်ရွက်ရန်လေ့ကျင့်ပေးနိုင်ပါက အဆင် ပြေနိုင်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဘီးရှင်းဘဏ်မြန်မာ	၁☐ ၂☐ ၃☐ ✔၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ ✔ွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐✔ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်သူများအား ချေးငွေပေးသည့် အဖွဲ့အစည်း တစ်ခုရှိကြောင်း တွေ့ရှိရပါသည်။ အတိုးနှုန်းအားဖြင့် ငွေတစ်ရာကျပ်အတွက်တစ်လလျှင် ၂ကျပ် ငါးဆယ်ပြား နှုန်းဖြစ်ပြီး ချေးငွေပေးချေသည့်စနစ်မှာ မွေးမြူရေးနှင့်အခြားလုပ်ငန်းများအတွက် အပတ်စဉ်ပေးချေရပြီး လယ်သမားများအတွက်မှာတော့ (၁)လတစ်ကြိမ် ကောက်ယူသည့်စနစ် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၅၇**	☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းမြေယာမဲ့အိမ်ထောင်စုဦးရေမှာ များပြားပါသည်။စိုက်ပျိုးရန်တိုးချဲ့လယ်ယာမြေမရှိသောကြောင့် မိသားစုအလိုက်ပိုင်ဆိုင်သော စိုက်ပျိုးမြများတွင် လုပ်ကိုင်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးသောလယ်မြေများအပေါ် မြေဩဇာစနစ်တကျကြွေးနိုင်ရေး ၊ စက်ကိရိယာများ ထောက်ပံ့ပေးခြင်းဖြင့် နိုင်ငံစီးပွားရေး၊ပညာရေးနှင့် အခြားလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်မည် ဟု လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	မရှိ	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၂	ရေလွှဲဆည်	မရှိ	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□ မဖြေဆိုပါ□

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□	
၃	မြစ်ရေတင်စီမံကိန်း	မရှိ	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	၄၈၀.၂၇	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□✔ မဖြေဆိုပါ□	ရှိ□✔ မရှိ□ မဖြေဆိုပါ□
၅	အဝီစိတွင်း	မရှိ	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၆	လက်ဝင်ရေတွင်း	မရှိ	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	မရှိ	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ	၄၈၀.၂၇	တစ်နှစ်ပတ်လုံး□ ✔ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□✔ မရှိ□ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ချောင်းရေကိုသာ အဓိကထားသောက်သုံးနေရပါသည်။ ချောင်းမြောင်း များကောနေခြင်းကြောင့် သောက်သုံးရေပြည့်ဝအောင် မရရှိခြင်း၊ စိုက်ပျိုးချိန်တွင် ရေလုံလောက်မှု မရှိခြင်းကြောင့် စီးပွားရေး၊ကျန်းမာရေးများ ထိခိုက်လာနိုင်ပါသည်။။ချောင်းရေမှ နွေစပါးစိုက်ပျိုးခြင်းနှင့် အခြားသီးနှံများ စိုက်ပျိုးကြပါသည်။လက်ရှိအခြေအနေအရ တစ်နှစ်ပတ်လုံးရေရရှိနေသော်လည်း ချောင်းများ၊မြောင်းများမှာကောလာသဖြင့် ချောင်းရေရယူရာတွင် ရေသွင်းတူးမြောင်းများပြန်လည် တူးဖော်ထိန်းသိမ်းခြင်းဖြင့် ပိုမိုကောင်းမွန်လာပါက စိုက်ပျိုးသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်သည့် အပြင် အိမ်သုံးရေအတွက် အလုံအလောက်ရရှိနိုင်မည် ဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၄၈၀.၂၇	တင်း	၃၀	၅၀	၄၀	မေ	ဇူလိုင်	မြင့်□လတ်□ ✔နိမ့်□	မြင့်□လတ်□နိမ့်□ ✔
နွေစပါး	၄၈၀.၂၇	တင်း	၈၀	၁၂၀	၁၀၀	ဒီ	ဧန်	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
-	-	-	-	-	-	-	-	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
-	-	-	-	-	-	-	-	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
-	-	-	-	-	-	-	-	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
-	-	-	-	-	-	-	-	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကညင်ဝကျေးရွာအုပ်စုအနေဖြင့် နွေစပါးစိုက်ပျိုးသော ကျေးရွာဖြစ်သော်လည်း ရေလုံလောက်မှုမရှိခြင်း၊မြေဩဇာ စနစ်တကျကြွေးနိုင်မှု စွမ်းအား နည်းပါးမှုတို့ကြောင့် မိုးစပါးအထွက်နှုန်း မှာ အများဆုံး (၅၀)တင်း၊အနည်းဆုံး (၃၀)တင်း ထွက်ရှိကြောင်း တွေ့ရပါသည်။ ကုန်ကျစရိတ်များပြားခြင်း၊ အထွက်နည်းခြင်းကြောင့် အကျိုးအမြတ် ရရှိမှုနည်းပါးကြပါသည်။ အထွက်နှုန်းကောင်းမွန်ရန် မြေဆီစနစ်တကျ သုံးစွဲနိုင်ရန်အတွက် စိုက်ပျိုးရေးအသိပညာ ဟောပြောပွဲပြုလုပ်ပေးမည်ဆိုပါက အဆင်ပြေလာနိုင်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	-	–
လက်တွန်းထွန်စက်	၃၆	-	-	၆၃
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	၁	-	-	၉၈
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၁	-	-	၉၈
ရေစုပ်စက်	၅၀	-	-	၄၉
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	–	-	-	-

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးရေးကိရိယာများ ပိုင်ဆိုင်မှုတွင် ရှိနေသော စိုက်ပျိုးမြေနှင့် သင့်တင့်မျှတသည့်စက်ကိရိယာများပိုင်ဆိုင်ထားကြောင်း တွေ့ရှိရပါသည်။ လုပ်သား အင်အားရှားပါးမှု နှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးရိတ်သိမ်းခြွေလှေ့စက်အား တောင်သူ လယ်သမားအများစုက ငှားရမ်းအသုံးပြုလာသည်ကိုလဲ တွေ့ရှိရပါသည်။ လယ်မြေများကို အထွက် တိုးစေရန် ကျေးရွာတွင် စိုက်ပျိုးရေးအသိပညာ ဟောပြောပွဲများမကြာခဏပြုလုပ်ပေးပါက သီးနှံ များအထွက် တိုးလာမည့်အပြင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☐ ✔မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☐✔သင့်တင့်မျှတ☐မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☐✔မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☐မဖြေဆိုပါ☐✔
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☐မဖြေဆိုပါ☐✔
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐ ✔မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐ ✔မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐မဖြေဆိုပါ ☐✔
နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐ သီးနှံများကို ရောင်းချနိုင်သည်☐ ✔မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ယခုအခါ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲမှုကြောင့် လယ်မြေများမှာ အရည်အသွေး သင့်တင့်စွာ ရှိပါသည်။ စိုက်ပျိုးရေးချေးငွေများကြောင့် လယ်သမားများအဆင်ပြေ ချောမွေ့ကြပါသည်။ စိုက်ပျိုးရေးနည်းပညာ အဆင့်မြင့်ဝန်ဆောင်မှုများ ရှိပါက အဆင်ပြေနိုင်ပါသည်။ နီးစပ်ရာဓာတ်မြေဩဇာဆိုင်များတွင်သာ ဝယ်ယူ သုံးစွဲကြပါသည်။ ကျေးရွာတွင် ရောင်းချမှုအတွက် ကုန်သည်၊ ပွဲစားများကို အမှီပြုနေကြရပြီ ကုန်ချော ထုတ်လုပ်မှု အားနည်းပါသည်။ ကျေးရွာတွင် နွေစပါးစိုက်ပျိုးရာတွင် ရေမြေသဘာဝ ကောင်းသော ကျေးရွာဖြစ်ပေမဲ့ ကောင်းမွန်သော မြေဆီလိုအပ်မှု၊ စက်ကိရိယာမပြည့်စုံမှုကြောင့် အခွင့်အလမ်း ရှိပါ သော်လည်း ထိုက်သင့်သလောက် တိုးတက်နိုင်ခြင်းမရှိပါ။ လိုအပ်သောပံ့ပိုးမှုများကို အဆင်ပြေ ပံ့ပိုးပေး နိုင်ပါက အထွက်နှုန်း ပိုမိုကောင်းမွန် လာမည်ဟု လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီညြစာမကောင်း☐✔ရာသီဥတုမမှန်☐မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်☐✔ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင်☐✔လုံးဝမရ☐ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐✔လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐✔လုံးဝမရ☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေညြစာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐✔လုံးဝမရ ☐မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေညြစာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐လုံးဝမရ ☐ မဖြေဆိုပါ ☐✔
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐လုံးဝမရ ☐ မဖြေဆိုပါ ☐✔
နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐✔လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐✔မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ ✔အနည်းငယ်☐ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဖြစ်ပေါ်နေသောပြဿနာများမှာ ခရုများဖျက်စီးခြင်း၊ ရွက်စုတ်ရွက်ဖြတ်ပိုးများ ကျရောက်ခြင်း ပြဿနာများကြောင့် လယ်သမားများ ဆုံးရှုံးမှုများ ခံစားနေကြရပါသည်။ထို့ကြောင့် စိုက်ပျိုးရေးအဖွဲ့များမှာလည်း နွေစပါးစိုက်ပျိုးချိန်တွင် ကွင်းဆင်းပြီး အသိပညာပေး ဟောပြောပွဲများ၊မြေဆီစနစ်တကျကြွေးရေး ဟောပြောပွဲများ လုပ်ပေးနိုင်ပါက ပိုမို တိုးတက်လာမည်ဟုလေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	-	-
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	၁	၁
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	-	-
ကြက်	-	-
ဘဲ	၂၂	၂၆၅၀
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	၁	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျွဲ၊နွားများ မရှိသည့်အတွက် စက်ကရိယာ များကိုသာအသုံးပြုနေကြပါသည်။အိမ်ထောင်စုအများစုမှာ ဘဲမွေးမြူခြင်းလုပ်ကိုင်ပြီး၊ရေချို ငါးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။ ရေချိုငါးလုပ်ငန်း လုပ်ကိုင်သောသူများမှာ နိုင်ငံတော်အခွန်ပေး လုပ်ဆောင်နေကြောင်း တွေ့မြင်ရပါသည်။ ဒေသ ပြည်သူများအနေဖြင့် ငါးမွေးမြူရေးကန်တူးပြီး ငါးမွေးချင်ကြသော်လည်း နိုင်ငံတော်မှ တူးခွင့် မပြုသည့်အတွက် ငါးမွေးခြင်းလုပ်ငန်းမှာ အောင်မြင်ခြင်းမရှိနိုင်ကြောင်း လေ့လာ တွေ့ရှိရပါ သည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ☐✔
ရေရရှိမှု	အလုံအလောက်ရနိုင်☐✔ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
	မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☐မဖြေဆိုပါ☐✔
